# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

သိုးထိန်းတို့ ပြောသော စကားကို ကြားသောသူ ရှိသမျှတို့ သည် အံ့သြခြင်း ရှိကြ၏ ။ (လုကာ ၂း ၁၈ )

အမှတ်စဉ် (၅၂) ဒီဇင်ဘာလ ၂၀၀၅ ခုနှစ် စမ္ပဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ကလေးများအတွက်ခရစ္စမတ်



"မဲရီး ခရစ္စမတ် တူးယူ အော" – "ဖြန်း " "ဟာ – ရှံ့ဗွက် ရေတွေနဲ့ ပက်တယ်ဟေ့ ပြေးကြ "

"အီး ဟီး ဟီး – ငါ့ကို ဗွက်တွေ ပေကုန် ပြီ အမိုး ငါ့ကို ရိုက်တော့မယ် အီး အီး "

" ဟေ့ – တိတ် တိတ် ငို မနေနဲ့၊ နောက်တစ်အိမ် သွားဆိုမယ် လာကြဟေ့"

"ဝုတ် ဝုတ် ဝုတ် " – "ဟာ ဒီအိမ်က ငါတို့ကို ခွေးနဲ့ ရှူးတိုက် တယ်ဟေ့ – ပြေးကြ – ပြေးကြ" " ဟေ့ – ငါ့ ခြေထောက် ဆူးစူးသွားပြီ အား – နာလိုက်တာ – စွတ် မပြေးကြနဲ့၊ ငါ့ကို စောင့်ကြအုံး " "ဆူးစူးမှာ ပေါ့ – နင်က ဖိနပ်မှ မစီးတာ" "ဖိနပ် မစီးတာ မဟုတ်ဘူးဟေ့ – စီးစရာ ဖိနပ်ကို မရှိတာ၊ အမေက ဟင်းဖိုးတောင် မရှိလို့– ဖိနပ် ဝယ်မပေးနိုင်သေးဘူးဆိုလို့ ဒီည ခရစ္စမတ် သီချင်းလိုက်ဆိုလို့ ရတဲ့ ဝေစုထဲက ပိုက်ဆံနဲ့ ဖိနပ် ဝယ်ရမှာဟဲ့ – ကောင်မရဲ့" "ဟူး– ဒီတအိမ်လဲ တို့ ခရစ္စမတ်သီချင်း လာဆိုတာကို လက်မခံဘူးဆိုတော့ ဟိုးဘက် တစ်လမ်းကျော်က အသင်းတော် လူကြီး အိမ်မှာ သွားဆိုကြမယ်ဟာ" "အေး အေး ကောင်းတယ်"

"ကဲ – စ မယ် – ဝမ်း တူး သရီး – မဲရီး ခရစ္စတ် ထူးယူ အော " "ဟာ – သီချင်းတောင် မဆိုရသေးဘူး မီးခွက် မှုတ်ပစ်လိုက်တယ်နဲ့ တူ တယ်" "ငါတို့ကို ပိုက်ဆံ ပေးရမှာစိုးလို့ အိပ်ချင်ဟန်ဆောင်တာ နေမှာပေါ့ ဟ" ။

ဒီ အဖြစ်အပျက်လေးကတော့ ကျွန်မ ကလေးဘဝတုံးက သူငယ်ချင်းတစ်စုနဲ့ ခရစ္စမတ်ပွဲကို ကလေးပီပီ ကလေးလို ကျင်းပခဲ့တဲ့ ရွာငယ် ဇနပုဒ်က ခရစ္စမတ်ပွဲလေးပါ။ ချမ်းအေးလွန်းလို့ ချောင်းတဟွတ်ဟွတ် ဆိုးနေကြပေမဲ့ ကျွန်မတို့ ကလေးတစ်သိုက်ကတော့ ရပ်ကွက်ထဲမှာ ခြေချင်း လိမ်နေခဲ့ကြပါတယ်။ အနွေးထည် မပါလဲ မမှု၊ ဖိနပ် ဗလာလဲ မဖြုံ၊ မြေပါး ကင်းပါးလဲ မကြောက်၊ တစ်နှစ်မှာ တစ်ခါ၊ တစ်ခါမှာ တစ်လ၊ လွတ်လွတ်လပ်လပ် သီချင်း အော်ဆိုခွင့် ရခဲ့တာမို့ ကျွန်မတို့ ပျော်မဆုံးနိုင်ခဲ့ပါ။

အိမ် တစ်အိမ်ထဲကိုဘဲ ကျွန်မတို့ ကလေးတွေက အုပ်စုလိုက် တစ်ခေါက်၊ နှစ်ယောက်တွဲ တစ်ခေါက်၊ သုံးယောက်တွဲ တစ်ခေါက် အခေါက်ခေါက် အခါခါ ဝင်ပြီး အိမ်ရှင် မျက်စေ့လည်အောင် လူလည်ကျပြီး သီချင်းညာဆိုခဲ့ကြပါတယ်။ အဲဒီလို အကြိမ်များများ ဆိုနိုင်မှ အလှူငွေ များများရပြီး ဝေစုခွဲတဲ့ အခါ မြိုးမြိုး မြက်မြက်ကလေး စားရမှာ ဖြစ်ပါတယ်။ အဲဒီလို ကလိမ်ကကျစ်ကျခဲ့လို့လဲ အသက်မစေ့သေးတဲ့ ကျွန်မတို့ ကလေးတစ်သိုက်ကို အိမ်တိုင်းက လူချဉ် လူငံတွေအဖြစ် သတ်မှတ်ကြပြီး လက်မခံခဲ့ကြချင်းဘဲ ဖြစ်ပါတယ်။

အသက် မစေ့သေးလို့ အသင်းတော်က လူကြီးတွေက ကျွန်မတို့ ကလေးတွေကို အသင်းတော် ခရစ္စမတ် သံစုံအဖွဲ့ထဲမှာ အဝင်မခံခဲ့တဲ့ အ တွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြံဖန်ပြီး ကျွန်မတို့ကလေးတွေချည်း ခရစ္စမတ် အရသာကို ခံစားချင်လွန်းလို့ ဆင်နွှဲနေကြတာ ဖြစ်ပါတယ်။ သီချင်းလိုက်ဆို လို့ ရလာတဲ့ သကြားလုံး၊ စိမ်းစားဥ၊ ဖီးသီးတွေကို ပျော်ပျော်ပါးပါး အတူ တ ကွ ဝေမျှစားခဲ့ကြသလို စက္ကူနဲ့ အထပ်ထပ် ထုတ်ပြီး ကျစ်နေအောင် ခေါက် ထားတဲ့ ငါးပြား၊ ဆယ်ပြား အကြွေစေ့လေးတွေကိုလဲ ရွာက ဘုရားကျောင်း ခရစ္စမတ်ပွဲ ဖြစ်မြောက်ရေးအတွက် တစ်ဘက် တစ်လမ်းက ပါဝင်တဲ့ အနေနဲ့ အလှူခံပုံးထဲ ထဲ့ပြီး လှူခဲ့ကြတာကိုလဲ အသင်းတော်က လူကြီးတွေ မသိကြ ပေမဲ့ ခရစ္စမတ်ရဲ့ အရှင်က သိနေမှာ ကေန်အမှန်ပါ။

အခုအချိန်မှာတော့ ခရစ္စမတ်ရဲ့ အဓိပ္ပါယ်ကို ဝေဖန်ပိုင်းခြားသိနိုင်တဲ့ အရွယ်ကို ကျွန်မ ရောက်ရှိခဲ့ပါပြီ။ ငယ်စဉ်က ခရစ္စမတ် အကြောင်းများကို ပြန်တွေး လိုက်တိုင်းလဲ အမှတ်တရ ကြည်နူးနေဆဲပင်။ အခု လက်ရှိ ကျွန်မ ရောက်ရှိနေတဲ့ နိုင်ငံရပ်ခြား တိုင်းပြည်ကြီးရဲ့ ခရစ္စမတ်ကတော့ ကျွန်မရဲ့ ရင်ကို ပူလောင်စေပါတယ်။

ငယ်စဉ်က ရွာဘုရားကျောင်းလေးမှာ တစ်အိမ်တက်ဆင်း ခရစ္စမတ် သီချင်း လိုက်ဆိုတဲ့ အသံမျိုး ဒီနိုင်ငံကြီးထဲမှာ လုံးဝ မကြားရဘဲ နိုင်ငံရဲ့ ရာသီဥတုနဲ့ အညီ ခြောက်ကပ် တိတ်ဆိတ်ပြီး ငြီးငွေ့ဘွယ် ကောင်းလှပါတယ်။

အထူးသဖြင့် ကျွန်မ ရောက်ရှိနေတဲ့ ဒေသဟာ ပြည်ပရောက် မြန်မာတိုင်းရင်းသား ခရစ်ယာန်များ သိပ်မရှိဘဲ၊ အခြားသော မယုံကြည်သူ မြန်မာ အများစု နေထိုင် လုပ်ကိုင်ကြတဲ့ ဒေသ ဖြစ်နေပြန်ပါတယ်။ ထိုအထဲမှ မြန်မာတိုင်းရင်းသား ခရစ်ယာန် ကလေးသူငယ်များရဲ့ မျက်နှာက ကျွန်မအား သူတို့အတွက် ခရစ္စမတ် အစီအစဉ် တခုခုလုပ်စေဖို့ နှိုးဆော်သလို ခံစားရပါတယ်။

ဒါ့ကြောင့် အခြားသော မြန်မာခရစ်ယာန် သူငယ်ချင်းများနှင့် တိုင်ပင်ကာ မြန်မာသီးသန့် ခရစ္စမတ် အစီအစဉ် တစ်ခုပြုလုပ်ရန် ဆန္ဒ ပြင်းပျခဲ့ပါ



တယ်။ စာရင်းကောက်ထားတဲ့ ကလေးအရေအတွက်နဲ့ အညီ လက်ဆောင်ဝယ်ဖို့အတွက် လက်ထဲမှာရှိတဲ့ ငွေကို ရေတွက်ရင်း "ဪ – ခရစ္စမတ်ရဲ့ အရသာကို သူတို့လေးတွေလဲ ကလေးအတွေးနဲ့ အညီ တွေးခေါ်တတ်ခဲ့ရင်ပေါ့ **Merry Christmas to you all** လို့ အချင်းချင်း နှုတ်ဆက်တတ်ပြီး ခရစ္စမတ်အရှင်ရဲ့ အကြောင်းကို သိချင်လာကြမှာ မဟုတ်ပါလား။ တကယ်တော့ ခရစ္စမတ်နေ့လေးဟာ သင်နဲ့ ကျွန်ုပ်အတွက် ဖြစ်ခဲ့သလို ကလေးများအတွက်ပါ ဖြစ်ခဲ့တယ် ဆိုတာကို သူတို့လေးတွေ သိရှိခဲ့ရင်ပေါ့။ ခရစ္စမတ်ရဲ့ အရှင်သခင်လဲ ဝမ်းသာလို့ **Merry Christmas to you all**

လို့ ကောင်းကင်ဘုံကနေ ငုံ့ကြည့်ပြီး လူသား အားလုံးကို နှုတ်ဆက်နေမှာ မဟုတ်ပါလား ။ ။

ကလေး အတွေးနဲ့ ခရစ္စမတ်လေးအား ဆင်ယင်ကျင်းပနေမဲ့ –

**ဆူးရင့်စိမ်း**

( ခေတ္တ – ကမ္ဘာမြေ )

၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀

## သိုးသူငယ်



ရင်ခွင်ထဲမှာ
သိုးသူငယ် ရုပ်ကလေးကို ချီလို့
ပါးစပ်က သိုးကလေး အော်သလို
"ဘား – ဘား" နဲ့
ချစ်သမီးလေးရယ် ။

တစ်နေ့တော့လေ
အဖေ မင်းကို ပြောပြချင်ပါရဲ့ သမီးငယ်
မင်း ချီပွေ့ထားတဲ့ သိုးသူငယ်လေး အကြောင်း ။

ဒီလို ချမ်းအေးတဲ့ ခရစ္စမတ် ရာသီမျိုးမှာပေါ့
လူ့လောကကို လာခဲ့တယ်။
အပြစ်နဲ့ ပြည့်နေတဲ့ လူတွေကို ကယ်ဖို့
အထူးသဖြင့် အဖေနဲ့ သမီးတို့ကိုပေါ့
ပြီးတော့
သမီးငယ်ကို
ချီပွေ့ထားချင်တယ် ဆိုတာရယ်ကိုလေ ။ ။

**မောင်လမင်း**

၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀

## လမ်းပြကြယ်များသို့– –



ကျွန်မတို့ ယုံကြည်သူ ခရစ်ယာန်များဟာ မယုံကြည်သူ များရဲ့ အမိက အလေးထားခံရတဲ့ စံပြ များ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ စံပြများဟာ တခါတရံမှာ စံပြများ မဟုတ်ပဲ ခရစ်တော်ရဲ့ နောက်လိုက် ကောင်း များဆိုတဲ့ အလံကို ချကာ မယုံကြည်သူများက စံပြနေရာ ပြန်ယူ ပြီး နားချပေး ကြရတဲ့ အနေ အထား တွေတောင် ရှိလာပါတယ်။

အမှန်ပြော တာပါ။ ကျေး ဇူးတော်ကြောင့်ပဲ ဆိုရပါမယ်။ အလုပ် လျှောက်တဲ့ အခါမှာပဲ ဖြစ်ဖြစ် အချို့ နေရာတွေမှာ စေခိုင်းခြင်းခံရတာပဲ ဖြစ် ဖြစ်၊ အလုပ်ရှင်တွေဟာ ခရစ်ယာန် များကို သဘောကျ ကြပါတယ်။ သူတို့ ရဲ့ စိတ်ထဲမှာ ခရစ်ယာန်များဟာ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ သူများ ပစ္စည်း မခိုးတတ်ဘူး။

ဘုရားရှင်ရဲ့ ပညတ်တော်များကို အထူးသဖြင့် စောင့် ထိန်းနိုင်ကြတယ်လို့ ထင်ထား ကပါတယ်။ ဒီလို အထင်များရဲ့ နောက် ကွယ် မှာတော့ မရှင်းပြ တတ်လောက်အောင်ပဲ ဆိုးသွမ်းနေ

ကပါတယ်။

ဒါ့ကြောင့် လည်း တခါက မယုံကြည်သူ သူငယ်ချင်း တစ်ယောက်က "သူငယ်ချင်းရယ် မင်းတို့ ခရစ်ယာန်တွေကို အထင်ကြီး မိတာ မှန်ပါတယ်။ ဒါပေမဲ့ အခုတော်တော်တော်လေး စိတ်ကုန်သွားပြီ" "ဘာကြောင့်များ ပါလိမ့်"လို့ မေးကြည့်တော့။ "မင်းတို့ ခရစ်ယာန် အမျိုး သမီးက မယုံကြည်သူ အိမ်ထောင်ရှိတဲ့ အမျိုးသားနဲ့ တွဲနေတယ်တဲ့။ ယောကျ်ား ရှားနေလို့လား၊ သူများယောကျ်ားတောင် မရှောင်နိုင်တော့ဘူး လား။ နောက်ပြီး မင်းတို့ ခရစ်ယာန် အိမ်ထောင်သည်တွေလည်း အချင်းချင်း တွဲနေကြတယ်တဲ့။ ငါတို့ ဘာသာမှာတောင် ဒီလိုမျိုး သူများ သားမယားကို မပြစ်မှားရဘူးလို့ ဆုံးမထားတယ်။ မင်းတို့ ဘာသာမှာရော မရှိဘူးလား"တဲ့။

ကျွန်မ ကလည်း "သိပ်ရှိတာပေါ့ သူငယ်ချင်းရယ်။ တို့ တွေ နေ့စဉ် ဖတ်နေတဲ့ သမ္မာကျမ်းစာထဲမှာ ဘုရား သခင်က သွန်သင်ထား တယ် သူငယ်ချင်းရယ်၊ ခရစ်ယာန်မှ ဒီ စည်းကမ်းကို ထိန်းသိမ်းရမယ်လို့တော့ မပြောချင် သလို၊ ဘာသာတိုင်းက ဒီလိုဖောက်ပြန်မှုမျိုး မလုပ်ဖို့ တားမြစ် ထားတာပဲ မဟုတ်လား။ ပျက်စီးခြင်းဆိုတဲ့ အချိန် ကာလ ရောက်လာတော့ လူတွေဟာ ဖောက်ပြန်ပျက်စီးမှုထဲ နတ်ဆိုးရဲ့ နောက်ယှက်ခြင်းကြောင့် ပါသွားကြရတာပါ။ ဒါ့ကြောင့် တို့တွေ သမ္မာကျမ်းစာကို အစဉ်အမြဲ ဖတ်ရှု ပြီး၊ ဆုတောင်းခြင်း များများလုပ်ဖို့ လိုအပ်တယ်လို့ သခင်ခရစ်တော်က သတိပေးစကား ပြောခဲ့တာပေါ့။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ သူငယ်ချင်းရယ်၊ မင်း အမြင်မတော်တာ တွေ့ရင်လည်း အမှန်တရားသိလာအောင် သတိပေး ကြည့်ပေါ့ " လို့ အကြံပေးလိုက်ပါတယ်။

**သို့ဖြစ်၍ ဘုရားသခင်၏လူ၊ သင်သည် ထို အပြစ်များကိုကြဉ် ရှောင်လော့၊ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားတရား၌ မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကို မှီအောင်လိုက်လော့၊ သက်သေခံ တော်မူသော ယေရှုခရစ်ရှေ့ မှာလည်းကောင်း၊ ငါသည် သင့်ကို ပညတ်ထား၏။ (၁တိ ၆း၁၁–၁၄)**

ခရစ်စမတ် ရောက်လာခါနီးပြီးဆိုတော့ အဖြစ်အပျက် လေးတစ်ခုကို ကျွန်မတို့ ယုံကြည်သူတွေ သတိထား ဆင်ခြင်စရာအဖြစ် ပြော ပြချင်ပါတယ်။ လွန်ခဲ့သော ၇နှစ် လောက်ကပေါ့၊ ကျွန်မမှာ မယုံကြည်သူ ချစ်သူရှိပါတယ်။ ကျွန်မ ချစ်သူက မယုံကြည်သူလို့ ပြောနိုင်တာကလွဲပြီး ကျန် တဲ့ အရာတွေမှာ တော်တော်လေး ချီးမွမ်းစရာ ကောင်းတဲ့သူပါ။ သူ့မှာ ခရစ်ယာန် သူငယ်ချင်းတွေ ရှိပါတယ်။ ဒီလိုနဲ့ ခရစ်စမတ် ရောက်လာခါနီး တော့ ကျွန်မလည်း ပျော်ရွှင်နေတာပေါ့၊ သူလည်း သူ့အပေါင်းသင်းတွေနဲ့ ခရစ္စမတ် ပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုတွေမှာ ပျော်ရွှင်စွာနဲ့ ကူညီ ဆောင်ရွက်ပေးပါတယ်။ သူငယ်ချင်းတွေက ၂၄ရက်နေ့ညမှာ ပါတီလုပ်မယ်၊ ကျွန်မကိုလည်း ဖိတ်တယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ သူ့မျက်နှာ ညိုးနေ ပါတယ်။

ကျွန်မလည်း ဘာဖြစ်လို့ မျက်နှာမကောင်းဖြစ်နေတာလဲ လို့မေးမိပါတယ်။ အဲဒီ ပါတီပွဲကို သူရော ကျွန်မပါ မသွားတော့ဖို့ စိတ်ကူး ထားတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ခရစ်ယာန်သူငယ်ချင်းက ပြော တယ်တဲ့ အခုလိုပွဲမျိုးမှာ အရက်သောက်ပြီး က ချင်တဲ့ သူနဲ့ က ခွင့် ရှိသလို နမ်းရင်လည်း စိတ်ဆိုးခွင့် မရှိဘူးတဲ့၊ ဒါ့ ကြောင့် မင်းရည်းစားကို ငါတို့ နမ်းမယ်၊ အဲဒါ မင်း စိတ်ဆိုးလို့ မရဘူးဆိုတာကို ကြိုပြောထားတာတဲ့။ အမယ်လေး – ကောင်းလိုက်တဲ့ လမ်းပြခြင်း၊ ကျွန်မ ဒေါသ ဖြစ်မိပါတယ်။ အဲဒါ တကယ်ပဲလားတဲ့၊ သူလည်း မြင်ဖူးတယ်၊ အချို့ အနောက်တိုင်း ဆန်တဲ့ အိမ်တွေမှာလည်း ခရစ္စမတ်ဆို မူးပြီး ရမ်းကားနေတာ တွေ့ဖူးတယ်တဲ့၊ ကျွန်မ သေချာ ပြန်ရှင်းပြရပါတယ်၊ အချို့တွေသာ အပျော်လွန်ပြီး မူးရူးကြတာဖြစ် ကြောင်း၊ အဲဒီလူတွေဟာလည်း၊ ခရစ်စမတ်ဆိုတဲ့

ခရစ်တော် မွေးဖွားလာရ ခြင်းဆိုတဲ့ အရင်းအမြစ်ကို မသိတဲ့အတွက် ဒီလို ဆင်ခြင်တုံတရား ကင်းမဲ့နေ တာ ဖြစ်တယ်လို့ ရှင်းပြရပါတယ်။ တကယ်ဆို စဉ်းစားကြည့်ပါ မိတ်ဆွေ၊ **ကျွန်မတို့ လူသားတွေရဲ့ အပြစ်ကို ဆေးကြောကယ်တင်ဖို့ (အသေခံဖို့) မွေးဖွားလာရတဲ့ ကယ်တင်ရှင် ခရစ်တော်ကို အရက်သောက် မူးရူး ကခုန်ပြီး ကြိုဆိုသင့်ပါသလား။** ကျွန်မတိုရဲ့ အရှင်သခင်ကို ပေးဖို့ ကျွန်မတို့ရဲ့ လက် ဆောင်က ဘာတွေလဲ။ အဝတ်ကောင်း အစားကောင်းတွေနဲ့ အရက်ပုလင်း အကောင်းစားတွေလား။

သခင် လိုချင်တဲ့ ကျွန်မတို့ဆီက လက်ဆောင်ကရော ဘာလဲဆိုတာ သတိထားမိရဲ့လား။ သခင်မွေးဖွားရာကို ရောက်ရှိနိုင်ဖို့ ပညာရှိ မင်းသုံးပါးကို လမ်းညွှန်ပေးခဲ့တဲ့ လမ်းပြကြယ်ကတော့ မိမိတာဝန်ကို အဆုံး တိုင်အောင် ကျေပွန်ခဲ့တယ်။ ကျွန်မတို့ လမ်းပြကြယ်များကရော သခင့်ရဲ့ ဧဝံဂေလိတရားကို လိုက်နာဟောပြော သက်သေခံရမဲ့ တာဝန်ကိုရော ကျေပွန်နိုင်ကြပါ့မလား။ မယုံကြည်သူများကို ယုံကြည်သူ ခရစ်တော် နောက်လိုက်များ ဖြစ်လာနိုင်အောင် မိမိကိုယ်ကို ယနေ့မှ စ၍ အသစ်ပြုပြင်ပြီး လမ်းပြကောင်း ဖြစ်လာအောင် ကြိုးစားကြရအောင်လား မိတ်ဆွေ။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ –

**မေဌွန်**

ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ

# ကြွေလွင့်သွားသောကြယ်ပွင့်များ



**ကြယ်ပွင့်(၁)**

ကျွန်တော့်နာမည် ကိုနီ လို့ပဲဆိုပါတော့။ အသက်ကတော့ လူလတ်ပိုင်းပေါ့။ ကျွန်တော်က ခေသူတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၈နှစ် လောက်တုန်းက နာမည်ကြီး ဟော်တယ်တစ်ခုမှာ စားဖိုမှူး ပြောရမယ် ဆိုရင်တော့ **Chief** ပေါ့ဗျာ။ ကျွန်တော့်ဝင်ငွေက တော်တော်တော့ ဖြောင့် တယ်။ ကျွန်တော်က လူပျိုလူလွတ် တစ်ဦးပါ။ ကျွန်တော့မှာ မိဘနဲ့ အစ်မ တွေတော့ ရှိကြပါတယ်။ ကျွန်တော်က ကိုယ့်ဝင်ငွေနဲ့ကိုယ်ဆိုတော့ ကိုယ့်လမ်း ကိုယ်လျှောက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ်လုပ်ချင်တာ လုပ်ပြီး လောကကြီးမှာ ခနနေရတုန်း ပျော်ပျော်ပေါ့။ ကျွန်တော့်မှာ ရည်မှန်း ချက်တော့ ရှိပါတယ်။ အချိန်တန် အရွယ်ရောက် အိမ်ထောင်ပြုပြီး သာယာ တဲ့ မိသားစုလေး တည်ထောင်ဖို့ စိတ်ကူးထားပါတယ်။

တစ်နေ့ – ကျွန်တော်တို့ ဟော်တယ်မှာ အလုပ်လက်တွေ့ ကွင်း လာဆင်းတဲ့ ကောင်မလေးတစ်ယောက်ကို ဘယ်လို ချစ်သွားမှန်း မသိဘူး ဗျာ။ သူမ က ရေမြေခြားက ကျွန်တော်တို့ နိုင်ငံမှာ ဟော်တယ်နဲ့ ပတ်သက် တဲ့ ပညာရပ် လာသင်ယူနေတဲ့ သူလေးပါ။ သိပ်မကြာပါဘူး သူနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြပြီး အချစ်နယ် ကျံခဲ့တယ်။ အခုမှ ကျွန်တော့်မှာ သူ့ကို ပြောမထွက်တဲ့ စကားလုံးတွေ ရင်နဲ့ အပြည့်ပါ။

ကျွန်တော် သူ့ကို လက်ထပ် ချင်ပါတယ်။ သူ့ကိုလည်း ချစ်ပါတယ်။ ဒါပေမဲ့ တနေ့ ကျွန်တော့်ကို သူမုန်း သွားမှာ၊ နာကျည်းသွားမှာ၊ ပစ်သွားမှာ ကျွန်တော် စိုးရိမ်တယ်။ ကျွန်တော့်ကို တစ်ကိုယ်ကောင်း ဆန်တယ် ပြောမှာ ပဲ။ မထူးပါဘူး၊ တနေ့ကျရင် သိမဲ့အတူတူ ကျွန်တော် သူ့ကို ပြောပြလိုက် တယ်။ ကျွန်တော့်မှာ **HIV+** ကူးစက်ပိုး ရှိတယ်။ ကျွန်တော့် စကားသံ က သူ့ရဲ့ နားထဲကို သံရည်ပူ လောင်းချလိုက်သလို ဖြစ်သွားမှာပဲ။ သူ ငိုလိုက် တာဗျာ။ ကျွန်တော် ရှင်းပြပါတယ်၊ ဘယ်လိုမှ မရဘူး။၂ပတ်လောက် အကြာ မှာတော့ သူ့မှာလဲ ကျွန်တော့်ဆီက ကူးစက်ခံရပြီးပြီမို့ သူ့ဘဝ ကို မထူး ဇာတ်ခင်းပြီး ကျွန်တော်နဲ့ လက်ထပ်ဖို့ သဘောတူလိုက်တယ်။ ဒီအကြောင်း အရာကို သူနဲ့ ကျွန်တော်ကလွဲပြီး ဘယ်သူမှ မသိခဲ့ပါဘူး။ ဒီကနေ့ ကျွန်တော် အိပ်ရာပေါ်မှာ ရောဂါကျွမ်းလို့ ပက်လက်လဲ နေရပါပြီ။ သူ ကျွန်တော့်ကို ရင်ထဲမှာ နာကျည်းနေပေမဲ့ နှစ်ရှည်လများ ပေါင်းသင်းလာခဲ့တဲ့ မေတ္တာတွေနဲ့ ကျွန်တော့်ကို ပြုစုရင်း (တဖတ်ကလဲ သူ့ ကျန်းမာရေးကို ဂရုစိုက်ရင်း) ရှိနေခဲ့ ပါတယ်။ ကျွန်တော် ဒီလောကကြီးထဲက ထွက်ခွာသွားခဲ့ရင် သူဘယ်လို ကျန်ခဲ့မလဲဆိုတာ ကျွန်တော် စိုးရိမ်ပေမဲ့၊ ဘာမှ မတတ်နိုင်ပါဘူး။ ကျွန်တော် သေသွားခဲ့ရင် တကိုယ်ကောင်းဆန်တဲ့ ကျွန်တော့်ရဲ့ ဝိညာဉ် ဘယ်သွားရမှန်း ကျွန်တော် ကိုယ်တိုင် မသိဘူးဆိုတာ ဝန်ခံပါရစေ။

**ကြယ်ပွင့်(၂)**

ကျွန်မကို မရီ လို့ဘဲ သိစေချင်ပါတယ်။ ကျွန်မရဲ့ အသက်က(၂၇)နှစ် ပါ။ ကျွန်မရဲ့ ချစ်သူကလဲ ကျွန်မကို ချစ်တယ်။ သူနဲ့ လက်ထပ်ဖို့ ရည်ရွယ် ထားခဲ့ကြတယ်။ ကျွန်မ ဘဝက လိုလေသေးမရှိ ပြည့်စုံလှပနေခဲ့တယ်။ ကျွန်မ ကျောင်းပြီးတော့ ချစ်သူနဲ့ပဲ လက်ထပ်ခဲ့တယ်။ ကျွန်မတို့ အချိန်တန်တော့ မျိုးဆက်သစ် သန္ဓေသားလေးရခဲ့တယ်။ နှစ်ဘက်သော မိဘဖိုးဖွားနဲ့ ကျွန်မတို့ လင်မယားနှစ်ယောက်ပါ ပျော်ရွှင်ကြ တာပေါ့။ ဒီပျော်ရွှင်မှု ဟာ သူနဲ့ကျွန်မ မိခင်နဲ့ကလေးကျန်မာရေး သွားစစ်တဲ့ အချိန်ထိပဲ ရှိခဲ့ပါတယ်။

ကျွန်မဆီမှာ **HIV** ပိုးရှိတယ်လို့ ဆရာဝန်က ပြောတယ်။

ကျွန်မရဲ့ ကျန်းမာရေးရာဇဝင်မှာ ဘာမှဖြစ်စရာ အ ကြောင်း မရှိဘူး။ လက်စသတ်တော့ တရားခံက ကျွန်မရဲ့ ချစ်လှစွာသော ခင်ပွန်း ဖြစ်နေတာကိုး။

ကျွန်မ သူ့ ကိုမုန်းတယ်။ အသည်းထဲက အထိကို မုန်းတယ်။ သူ့ကို အော် ဟစ်ပြီး ကုတ်ခြစ် ပစ်လိုက်တယ်။ တွေ့ရာနဲ့ ပစ်ပေါက်မိတယ်။ ခုတော့ သူက အပြစ်မရှိတဲ့ သတ္တဝါလေးလို လုပ်သမျှ ငုံ့ခံ နေလေရဲ့။ ဒါပေမဲ့ ကျွန်မ သမီး လေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့တယ်။ **HIV** ပိုး ကူးပြီး သမီး လေး လည်း တရှောင်ရှောင်နဲ့ (၄)နှစ်လောက်မှာ ဆုံးပါးသွားခဲ့တယ်။ ကျွန်မ စိတ်တွေ ဆောက်တည်ရာမရ ချောက်ခြားပြီး စိတ်ကျ ရောဂါပါ ခံစားခဲ့ရ တယ်။ သမီးလေးလဲ ဆုံးရှုံးရပြီး ကုရာနတ္ထိ ဆေးမရှိတဲ့ ရောဂါဆိုး ခံစားနေ ရတဲ့ ကျွန်မ ဘဝကို အဆုံးစီရင် ချင်စိတ် ပေါက်လာခဲ့တယ်။ ဒါပေမဲ့ မိဘတွေရဲ့ အားပေးမှုနဲ့ ကျွန်မကိုချစ်တဲ့ ဘုရားသခင်ကို ချစ်တဲ့သူများရဲ့ မေတ္တာပြ အားပေးမှုတွေကြောင့် ကျွန်မ ဘဝကို ဆက်ရင်ဆိုင်ခဲ့ တယ်။ ကျွန်မ သမီး လေးဟာ ကောင်းကင်နိုင်ငံတော်ကို ပြန်သွားခဲ့ပါပြီ၊ တနေ့ကျရင်တော့ ကျွန်မ ကောင်းကင်နိုင်ငံတော်မှာ သမီးလေးနဲ့ ပြန်တွေ့ရဦးမယ်။

ဆေးရုံနဲ့ အိမ်ကို အိမ်ဦးနဲ့ ကြမ်းပြင်လို နေရချိန်များလာတော့ ခုခံအားနည်းပြီး ရောဂါ ပိုးတွေ ဝင်လာခဲ့ပါတယ်။ ဆေးတွေကို ခွက်နဲ့အပြည့်

သောက်ရချိန်များမှာ ကျွန်မရဲ့ စိတ်ရောဂါ ပြန်ထတတ်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဂုဏ်တော် သီချင်းလေးတွေ ဆိုနေရင် ကျွန်မ ငြိမ်သက်ခြင်းတွေ ရနေတတ်ပါတယ်။

ကျွန်မကို အပြစ်လွှတ် ကယ်တင်တဲ့အရှင်၊ အသက်ပေးပြီး ငွေမှ ကယ်တင်တဲ့ ယေရှုခရစ်တော်ကြောင့် ကျွန်မလဲ ကျွန်မရဲ့ ခင်ပွန်းကို အပြစ်လွှတ် လိုက်ပါတယ်။ ကျန်းမာရေး သိပ်မကောင်းတော့တဲ့ ကျွန်မရဲ့ ခင်ပွန်းလဲ ဆေးရုံပေါ် ရောက်နေတဲ့ ကျွန်မကို တခါတခါ လာကြည့်နေလေရဲ့။

လူတိုင်းတစ်နေ့ သေရမှာကို ကျွန်မ သိပေမဲ့ မင်္ဂလာရှိသော သေခြင်း၊ မြင့်မြတ်သော သေခြင်း၊ အများသူငါ စံနမူနာ ယူထိုက်သော သေခြင်း မျိုးနဲ့ လောကကြီးထဲက လှလှပပလေး ထွက်ခွာသွားချင်ပေမဲ့ အခုအချိန်မှာတော့ ကျွန်မဟာ လူတကာ တံတွေးခွက်ထဲမျောပြီး သေရတော့မဲ့ သေခြင်းမျိုးနဲ့ လောကကြီးထဲက ထွက်ခွာသွားရတော့မှာပါလား။ ॥

**စကားပြေ** (ခံစားရေးသားသည်။)

*** နောက်ဆက်တွဲ ဓာတ်လမ်းများအား နောက်လများတွင် ဆက်လက် ဖော်ပြပါ ခံ့မည်။**

oooooooo oooooooooooooooooooooooooooooooooooooooooo

# နှလုံးသားမှာ နေရာပေးပါ



ခရစ်တော် မွေးနေ့တော်ပွဲ ကျင်းပရာ ရာသီ ရောက်လာပြီ ဆိုရင် ခရစ်ယာန်တွေ အားလုံးလိုလို အလုပ်ရှုပ်သလို၊ အသင်းတော် တွေမှာလည်း မွေးနေ့တော်ပွဲ ကျင်းပဖို့ရန် အဖသင်းအုပ်ဆရာမှ အစ အသင်းတော်မှ တာဝန်ရှိသူ အားလုံး အလုပ်များကြတဲ့အချိန်၊ စီးပွားရေး သမားများလည်း ဒီအချိန်မှာ သူနဲ့ငါ အပြိုင်အဆိုင် ဈေးကွက်ရှာနေကြတဲ့ အချိန်ဖြစ်တယ်ဆိုတာ ခရစ်ယာန် မိတ်ဆွေများ သိကြပါတယ်။

မိတ်ဆွေ – သင်လည်း မိမိရဲ့ ကယ်တင်ရှင် ကြွလာသော ဒီအချိန် ကာလအတွက် မိမိရဲ့ အိမ် (သို့မ ဟုတ်) အသင်းတော်မှာ ပါဝင်ဖို့ ပြင်ဆင်ထားမယ်လို့ ထင်ပါတယ် ။

မွေးနေ့တော်ပွဲကို ဘယ်လိုအစီအစဉ်တွေနဲ့ ကျင်းပမလဲ၊ လာရောက် ကြမဲ့သူ အားလုံးကို ဘယ် လို အကျွေးအမွေးနဲ့ ဧည့်ခံမယ် စ သဖြင့် အစီအစဉ်တွေ ရေးဆွဲပြီး ကြိုတင် ပြင်ဆင်ကြမှာ ဖြစ်ပါတယ်။ အလုပ်လဲ များကြပါတယ်။ ဒါပေမဲ့ ဒီလို အလုပ်များနေချိန်မှာ ခရစ်တော်ကို ကျွန်မ တို့ရဲ့ နှလုံးသားမှာ နေရာပေးဖို့ ပြင်ဆင်ထားပြီးပြီလားဆိုတာ ပြန် ဆန်းစစ်ကြပါစို့။

ကျွန်မရဲ့ အတွေ့အကြုံအရ အသင်းတော်မှာသော်လည်းကောင်း၊ မိသားစုမှာ သော်လည်းကောင်း၊ ကျောင်းသူဖြစ်ခဲ့စဉ်က ကျောင်းမှာသော် လည်းကောင်း။ အလုပ်လုပ်တော့ လုပ်ငန်းခွင်မှာသော်လည်း၊ ခရစ်စမတ်ပွဲ ကျင်းပတိုင်း ကျွန်မတို့ ခရစ်ယာန်အချင်းချင်း၊ မိသားစုအချင်းချင်း သဘော ထား မတူညီမှု ဖြစ်တတ်ပါတယ်။ သူကလည်း ဒီလို အစီအစဉ်လုပ်ချင်၊ ငါက ဟိုလိုလုပ်မှ လှုပိုလာမှာ စသဖြင့် လူ့သဘော လူ့သဘာဝ အနိုင်ရအောင် အငြင်းပွား၊ စကားများကြရင်း ခရစ်စမတ် အစီအစဉ်ပြီးသောအခါ တစ် ယောက်နှင့် တစ်ယောက် မခေါ်မပြော နိုင်တော့ဘဲ အမုန်းပွားခဲ့ကြတာကို တွေ့ခဲ့ဘူးပါတယ်။

မိတ်ဆွေသည် ခရစ်တော်ကို မိမိ၏အသက်တာ၌ ကယ်တင် ပိုင်ရှင်အဖြစ် လက်ခံ ထားသူဖြစ်ခဲ့ပါလျှင် ဇာတန်၏ လက်နက်ဖြစ်သော ဇာတိ ပကတိ အကျင့် သဘောများဖြစ်သည့် ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ (ဂလာတိ ၅း၉) ထိုအကျင့်များကို ရှောင်ဖယ်၍ ဆင်းကြွလာသော ယေရှုခရစ်တော် ၌ရှိသော ဝိညာဉ်ပကတိ စိတ်သဘော နှင့် ခရစ္စမတ် ပွဲတော်ကို ပါဝင်ကြပါစို့ ။

ကျွန်မကိုလည်း ဘုရားသခင်က အတွေ့အကြုံ တစ်ခုအားဖြင့် သွန်သင်ခဲ့ရပါတယ်။ ၁၉၉၃ခုနှစ်၊ ဩဂုတ်လ မှာ (–––)နှစ်ခြင်း အသင်းချုပ်က ဦးစီးလုပ်ဆောင်တဲ့ ဖေဝေလီ အစီအစဉ်မှာ ကျွန်မ ပါဝင် အစေခံခဲ့ပါတယ်။ ချင်းတွင်းမြစ်ဝှမ်း တလျှောက်မှာ ရှိတဲ့ ရွာတွေဆီကိုသွားပြီး ကယ်တင်ခြင်း၊ ဝမ်းမြောက်ဖွယ် သတင်းစကားပြောကြားဖို့ သွားခြင်းဖြစ်ပါတယ်။ သင်္ဘောနဲ့ သွားရမှာမို့ ၅ ရက်လောက်ကြာမှာ ဖြစ်ပါတယ်။ သင်္ဘောပေါ်မှာ ဖေဝေလီ ဟောပြောဖို့ ဘုရားရှင် အခွင့်ပေးခဲ့ပါတယ်။ ဦးဆောင်တဲ့ ဆရာကလည်း ကျွန်မတို့ အားလုံးကို တစ်ဦးချင်း ဆက်ကပ်ဆုတောင်း၊ ကျမ်းစာဖတ် ခွန်အားယူပြီး ဖေဝေလီ စတင်ဟောပြောဖို့ စီစဉ်ထားပါတယ်။ ဒီလို သင်္ဘောပေါ်မှာ ဖေဝေလီ ဟောခွင့်ရခဲ့တာဟာ သင်္ဘောတာဝန်ခံက ယုံကြည်သူတစ်ယောက် ဖြစ်နေလို့ပါဘဲ။ ဘုရားရှင် ပြင်ဆင်ထားပေးခြင်းဘဲ ဖြစ်ပါတယ်။

မကြာခင် အချိန်မှာ ကျွန်မတို့ သင်္ဘော သောင်တင် ပါတော့တယ်။ သောင်တင်ပြီး သင်္ဘောခုတ်မောင်းလို့ မရတော့တဲ့ အချိန်မှာ အဖွဲ့ရဲ့ မှတ်တမ်းတာဝန်ခံ ရောက်လာပြီး ဒီအချိန်ဟာ အဖွဲ့ရဲ့ မှတ်တမ်းတင် ဓါတ်ပုံရိုက်ရန် ကောင်းသောအချိန်ဖြစ်ကြောင်း လာပြောတဲ့အခါ ကျမ်းစာဖတ် ခွန်အားယူနေကြတဲ့ အဖွဲ့သားအားလုံး ကျမ်းစာဖတ်တာ ရပ်လိုက်ပြီး တာဝန်ခံ နောက်ကို လိုက်သွားကြပါတယ်။ သောင်ပြင်ပေါ်ရောက်တဲ့အခါ တာဝန်ခံက ဓါတ်ပုံရိုက်ဖို့ ပြင်နေချိန်မှာ၊ သူရပ်နေတဲ့ သဲပြင်နေရာမှာ ရေဝဲ ထလာပြီး သဲသောင်ပြင် အစွန်းကို တိုက်စားသွားတဲ့အခါ သူပါ သဲထဲကျပြီး ရေဝဲထဲ ရောက်သွားပါတယ်။ ရေနစ်တယ် ဆိုတော့ သင်္ဘောပေါ်ကလူတွေက အလန့်တကြား အော်ဟစ်ကြတာပေါ့၊ အဖွဲ့ထဲက ရေကူးတတ်တဲ့ အစ်ကို တစ်ယောက် ဆင်းဆယ်ခဲ့ပေမဲ့ ကယ်တဲ့သူပါ ရေနစ်သွားပါတယ်။ နောက်ထပ် ဘယ်သူမှလည်း ဆင်းမဆယ်ရဲတော့ဘူးလေ။ အဲဒီ အချိန်မှာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် လှေတစ်စင်း ရောက်လာပြီး လှော်တက်ကို ကမ်းပေးပြီး ဆယ်ယူခဲ့ရပါတယ်။ အဖွဲ့သားအားလုံးဟာ ဟောပြောဖို့ ပြင်ဆင်ထားတဲ့ ဖေဝေလီ အစီအစဉ်ကို မေ့နေကြပါတယ်။ သင်္ဘောပေါ်က ခရီးသည်တွေ အားလုံးရဲ့ မျက်လုံးက ကျွန်မတို့အဖွဲ့ကို ဝိုင်းကြည့်နေကြပါတယ်။ သူတို့ စိတ်ထဲမှာလဲ တော်တော်ကဲတဲ့ လူတွေလို့ အထင်အမြင် သေးတဲ့ မျက်လုံး တွေနဲ့ ဝိုင်း ကြည့်ကြသလို တီးတိုးတီးတိုးနဲ့ အတင်းပြောနေတဲ့ အသံ ကို လည်း ကြားရပါတယ်။

အဲဒီနေ့က လုပ်ဖို့ ပြင်ထားတဲ့ ဖေဝေလီအစီအစဉ်လည်း ပျက်ခဲ့ရပါတယ်။ နောက်မှ ကျွန်မ သိခဲ့ရတာက အဲဒီ မှတ်တမ်းတာဝန်ခံနဲ့ လိုက်ပါသူ နောက်တစ်ဦးလည်း ကယ်တင်ခြင်းစိတ်ချမှု မရသေးသူဖြစ်ပြီး ခရစ်တော်ရဲ့ ဝိညာဉ်ကို မရသေးတဲ့ သူဖြစ်ကြောင်း သိခဲ့ရပါတယ်။ သူတို့နှစ်ယောက်ဟာ အဲဒီ ခရီးစဉ်မှာပဲ ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံခဲ့ကြပါတယ်။

သမ္မာကျမ်းစာထဲမှာ ပါရှိတဲ့ ယောနဟာ ဒုစရိုက် ပြုနေတဲ့ နိနေဝေ မြို့သားများ နောင်တရစေဖို့ ဘုရားရှင် စေခိုင်းခြင်းကို ငြင်းပယ်ပြီး တာရှုမြို့ကို ထွက်ပြေးခဲ့ပါတယ်။ ဒါ့ကြောင့် ထာဝရဘုရားသည် ကြီးစွာသော လေပြင်း မုန်တိုင်း ကျစေ၍ ဆုံးမခဲ့ရပါတယ်။ (ယောန ၁း၄)

ကျွန်မတို့ အဖွဲ့ရဲ့ လူ့သဘော လူ့အကြံနဲ့ လုပ်ဆောင်ခဲ့မှုကြောင့် ဘုရားဘုန်းတော်၊ နာမတော် မထင်ရှားတဲ့အခြေအနေ ဖြစ်ခဲ့ရပါတယ်။ ဘုရားရှင်က ကျွန်မတို့ အဖွဲ့ကို ဆုံးမသွန်သင်လိုက်ပါတယ်။

ဘုရား အမှု တော်ကို လုပ်ဆောင်တဲ့အခါ ဘယ်တော့မှ လူ့သဘော၊ ဇာတိသဘောနဲ့ မလုပ်ဆောင်ဖို့၊ လုပ်ဆောင်မိလျှင်လည်း ဘုရားရှင် ဆုံးမမှာဖြစ်ကြောင်း သွန်သင်ခြင်း ခံရပါတယ်။

(ရော ၈း၈) မှာ **ဇာတိပကတိ၌ ကျင်လည်သော သူတို့သည် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်ကြ ။** လို့ ဖော်ပြထားသလို၊

**ဘုရားသခင် ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရား သခင်၏သား ဖြစ်ကြ၏။ (ရောမ ၈း၁၄)**

လို့ ဖော်ပြထားပါတယ်။

ကျွန်မတို့ ခရစ်ယာန်များအနေနဲ့ မိမိတို့ဟာ အဖဘုရား ရွေးနုတ်ထားသောသူ၊ ဘုရားသခင်၏ အမွေစားအမွေခံ သားသမီးများဖြစ်ခြင်းကို မေ့လျော့ကာ ဇာတိသဘောနဲ့ ကျင်လည် အသက်ရှင်မိတတ်ကြပါတယ်။ ဇာတိသဘောနဲ့ အသင်းတော်လုပ်ငန်း၊ သာသနာလုပ်ငန်းကို လုပ်ဆောင်မိခဲ့ရင် ယောန ကဲ့သို့ ဘုရားသခင် ဆုံးမမှာ ဖြစ်ပါတယ်။

ခရစ်တော် ယေရှုဟာ သူ့ရဲ့မွေးနေ့ကို ပြင်ပ အာကာသ လောကထဲက ကောင်းနိုးရာရာ အဆောက်အဦး၊ အခမ်းအနားတွေနဲ့ ကျင်းပတာထက် ကျွန်မတို့ရဲ့ နှလုံးသားထဲမှာ ကျင်းပ စေချင်ပါတယ်။ သခင်ယေရှုဟာ ကျွန်မတို့ရဲ့ နှလုံးသားထဲမှာ ဝင်ရောက်ပြီး မိမိတို့နဲ့အတူ ဝင်ရောက်ကျင်းပဖို့ရန် ယခုပင် ကျွန်မတို့ရဲ့ နှလုံးသား တံခါးရှေ့မှာ ရပ်ပြီး တံခါးကို ခေါက်လျှက်နေပါတယ်။ မိတ်ဆွေ – သင်နဲ့ကျွန်မလည်း ခရစ်တော် ယေရှု အတွက် လှပသော နှလုံးသား အခန်းလေးအဖြစ် စတင်ပြင်ဆင်ကြပါစို့။

**ငါသည်တံခါးရှေ့မှာ ရပ်၍ ခေါက်လျှက်နေ၏။ အကြင်သူသည် ငါ၏ အသံကို ကြား၍ တံခါးကို ဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်၊ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။ (ဗျာဒိတ်ကျမ်း – ၃း၂၀)**

**(ဓလာနှင်းပန်း)**

oooooooooooooooooooooooooooooooooooooooooooooo

# CHRISTMAS?

**“ကောင်းကင် ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီး တော်မူ စေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း”**

– အောင်မယ်လေးဗျာ၊ ကျွန်တော် နားကြားများ မှားသလား၊ ဂယောင် ချောက်ခြားနဲ့ ဘာသံတွေ ကြားနေရပါလိမ့်။ ဒီစကားက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်လောက်မှာ ကောင်းကင်တမန်တွေက သိုးထိန်းတွေကို သခင်ယေရှု ဖွားမြင်တဲ့အကြောင်း ကြားပြောတဲ့ စကားသံတွေပါ။



အခုကြားနေရတာက ဘယ်သူ့ အသံပါလိမ့်။ ကျွန်တော့်ကို ပြောတဲ့ စကားသံလား။ သခင်ယေရှု ဒုတိယအကြိမ် ကြွလာမယ် ဆိုတာ ဒါဘဲ ထင်တယ်။ ဒါမှမဟုတ် ဒုတိယအကြိမ် မွေးဖွားခြင်းခံဖို့လား မသိ။ ကောင်းကင် တမန်တွေက ကျွန်တော့်ကို လာပြောတဲ့အသံတော့ မဟုတ်နိုင်ပါ ဘူး။ ကျွန်တော်က သိုးထိန်းတွေထက် အရည်အချင်း အများကြီး ရှိနေတာဘဲ။ အရင်ခေတ်က သိုးထိန်းတွေဆိုတာ အနိမ့်ကျဆုံး လူတန်းစားဘဲ။ ကျွန်တော် က ဒီဘက်ခေတ်မှာ နိုင်ငံခြားပြန် ခေတ်မီ ပညာတတ် တစ်ယောက်လေ။

ဘာဘဲဖြစ်ဖြစ် သူ ဘာဆက်ပြောမလဲဆိုတာ ခဏစောင့်ပြီး နားထောင်လိုက်အုံးမှာဘဲ။

တော်ကြာ သခင်ယေရှု ဒုတိယအကြိမ် တကယ် မွေးဖွား လာခဲ့ရင် ကျွန်တော်ဟာ ဟေရုဒ်မင်းကြီးလို အရင် ဆုံး မဖူးမျှော် လိုက်ရတဲ့ ပုဂ္ဂိုလ် ဖြစ်နေအုံးမယ်။

ဒုတိယအကြိမ် ဖွားမြင်ခြင်းခံတာကို အရင်ဆုံး ဖူးခွင့်ရလို့၊ ကျွန်တော် အင်တာနက်ကနေ ကမ္ဘာကို လွှင့်လိုက်ရရင်တော့ နာမည်ကြီး သူဌေးဖြစ်အုံးမှာ။

အဲဒီလို မဖြစ်သေးဘူး။ ငွေ ရတတ်တဲ့သူက ကောင်းကင်နိုင်ငံ ဝင်ရခက်တယ်တဲ့။ ဒီလိုဆိုရင် ကိုယ်တော့် နောက်ကို လိုက်ပြီး တပည့်တော် လုပ်မယ်။ ကမ္ဘာအနှံ့ ဧဝံဂေလိ ထွက်မယ်။ အခုလို အိုင်တီ၊ ကွန်ပျူတာ ခေတ်ကြီးမှာတော့ ဘုရားအလုပ်လုပ်ရင် အနေအစား ဆင်းရဲမှာ မဟုတ်လောက်ဘူး။ ချမ်းသာတဲ့ အနောက်နိုင်ငံက သာသနာ့ အဖွဲ့ကြီးတွေကလဲ သခင်ယေရှု ကိုယ်တိုင် ဧဝံဂေလိဟောတာဆိုတော့ မျက်နှာ ရလိုရငြား အပြတ်အသတ် သူ့ထက်ငါ အပြိုင်အဆိုင် လှူဒါန်း ထောက်ပံ့ကြမှာ သေချာတယ်။ ဒါဆိုရင် ကျွန်တော်လဲ နေရာအနှံ့ကို ရောက်ဖူးမယ်။ တစ်ကမ္ဘာလုံးကို ခရစ်ယာန်ဖြစ်လာအောင် ကိုယ်တော်ရှင် ဘယ်လို လုပ်မလဲ ဆိုတာ လိုက်ကြည့်ချင်တာ။

ဒါ့နဲ့ သခင်ယေရှု ပထမအကြိမ် ကြွလာတုန်းက လူသားတွေရဲ့ အပြစ်အတွက် ကားတိုင်မှာ မတရား စွပ်စွဲခံခဲ့ရတယ်။ ဒီတစ်ခါကျရင်တော့ လူသားတွေရဲ့ အပြစ်အတွက် ဘယ်လို အသေခံမလဲဆိုတာ စောင့်ကြည့်ရသေးတာပေ့ါ။ နောက်ရှိသေးတယ်၊ နောက်ဆုံး ညစာစားပွဲနဲ့ ဗတ္တိဇံ မင်္ဂလာခံခြင်း ကိစ္စတွေမှာ ဝိဝါဒတွေ ကွဲပြား နေတာ သေချာအောင် တစ်ခါတည်း မေးရမှာဘဲ။ ဒါမှ ခရစ်ယာန် အားလုံး ဂိုဏ်းဂန မကွဲဘဲ၊ စုပေါင်းညီညာကြမှာ။ ကျမ်းစာအုပ်နဲ့ ပါတ်သတ်ပြီး အငြင်းပွားစရာတွေ အများကြီးဘဲ။ ပရောဖက်တွေ၊ တမန်တော်တွေ ရေးတဲ့ ကျမ်းစာအုပ်အစား ကိုယ်တော်ရှင် ကိုယ်တိုင် ကျမ်းစာအုပ် အသစ်တစ်အုပ် ရေးခဲ့ပြီး လာဝယ်တဲ့သူတွေကို **Sale promotion** လုပ်တဲ့အနေနဲ့ ကိုယ်တိုင် အော်တိုရေး၊ **Sign** ထိုးပြီး ပေးရင် ပိုကောင်းမယ်လို့ အကြံပေးရအုံးမယ်။ ဒါမှ ဒီနေ့ စူပါစတား ဖြစ်နေတဲ့ သင်းအုပ်တွေ၊ ပေါ်ပြူလာ ဖြစ်နေတဲ့ ဧဝံဂေလိ ဆရာတွေ နောက်ကောက် ကျသွားမှာ။

နောက်ပြီး နှိမ့်ချခြင်းနဲ့ ပါတ်သတ်လို့ သခင်ယေရှုက တပည့် တော်တွေရဲ့ ခြေကို ဆေးကြောခဲ့တဲ့ စံနမူနာထက် ကောင်းတဲ့ နမူနာ၊ လူတွေ လိုက်လုပ်နိုင်မယ့် နမူနာသစ် တစ်ခုတော့ ထပ်လုပ်ပြရင် ကောင်းမယ်။ ဒါမှ ဒီနေ့ ခေတ်မှီတဲ့ ခရစ်ယာန်တွေ ပိုပြီး နှိမ့်ချခြင်းရှိမှာ။ အရေးကြီးတာ တစ်ခု ရှိသေးတယ်။

လူတွေက အပျိုကညာ မာရိဟာ သူငယ်တော် ယေရှုကို သန့်ရှင်းစွာ မွေးဖွား သန့်စင်ခဲ့တယ်ဆိုတာ မယုံကြည်ကြဘူးတဲ့။ ဒီလို တိုးတက်နေတဲ့ ခေတ်ကြီးမှာ ယုံကြည်အောင်တော့ ကိုယ်တော်ရှင် လူတွေကို လုပ်ပြပေးသင့်တယ်လို့ ထင်တယ်။

ဟာ – နောက်ထပ် အသံတစ်သံ ထပ်ပေါ်လာပါ လား။

**ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထင်ရှား၍ –**

**“ဒါဝိဒ် အမျိုး ယောသပ်၊ သင်၏ ခင်ပွန်း မာရိကို ထိမ်းသိမ်းရမည့်အခွင့်ကို မစိုးရိမ်နှင့်။ ဤ ပဋိသန္ဓေသည် သန့်ရှင်းသော ဝိညာဉ်တော်ကြောင့်ဖြစ်၏။ – – – မိမိ လူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့် ယေရှု အမည် ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။ ”**

ဘာတဲ့ – ကျွန်တော့်ကို ယောသပ် နေရာ၊ ကျွန်တော် ချစ်တဲ့ ကောင်မလေးကို မာရိ နေရာမှာ၊ ဟာ – ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ် ကိုယ်တော်။ ဒါဟာ ဘုရားကျောင်းထဲက ပြဇာတ်မှာ ကပြမယ် ဆိုရင်တော့ ကျွန်တော် လက်ခံပါ့မယ်။ တကယ်လုပ်မယ် ဆိုရင်လဲ တခြားစုံတွဲတွေကို **offer** လုပ်ကြည့်ပါအုံး ကိုယ်တော်။ တခြားလူတွေ လက်မခံရင်တော့

ကျွန်တော့် ကောင်မလေးနဲ့ ကျွန်တော် သေသေချာချာ တိုင်ပင်ပြီး ဆုံးဖြတ်ပါရစေ ကိုယ်တော်။

* ကျွန်တော် **PR** ကျရင် –၊
* ကျွန်တော် ဩစတြေးလျား သွားရရင် –၊
* ကျွန်တော် ပိုလီ ကျောင်း ပြီးရင်–၊
* ကျွန်တော့် ဘဏ်ထဲမှာ စုငွေ ဒေါ်လာသောင်းဂဏန်း လောက်ရှိရင် –။
* ကျွန်တော့် ညီ စင်္ကာပူ ရောက်လာရင်–၊
* – –ရင်၊
* – – ရင်၊
* – – ရင်။

"ဟေ့ကောင် – မနက်ဘ၀နာရီတောင် ထိုးပြီ မထ သေးဘူးလားကွ။ ဘုရား ကျောင်းသွားဖို့ နောက်ကျနေပြီ၊ ဒီနေ့ **SUNDAY** ခရစ်စမတ်နေ့လေ၊ စောစောသွားမှ နေရာရမှာ၊ မြန်မြန်လုပ် "

ကျွန်တော့် သူငယ်ချင်း၏ ဆူညံသော အသံများကြောင့် အိပ်ယာမှ လန့်နိုးသွားပါသည်။ မနေ့ညက စနေနေ့ **X'mas eve** ဆိုတော့ စိတ်လွတ် ကိုယ်လွတ် သောက်စား မူးရူးပြီး ဘာတွေဖြစ်မှန်း မသိခဲ့ပေမယ့်၊ ကျွန်တော် ခရစ်တော် ဒုတိယအကြိမ် ကြွလာဖို့ ဘာမှ အဆင်သင့် မဖြစ်သေးပါလားဆိုတာနဲ့ တယူသန်တဲ့ အတ္တတွေရှိနေသ၍၊ နှိမ့်ချခြင်း၊ အနစ်နာခံခြင်း၊ အစေခံခြင်းတွေ မရှိသေးသ၍တော့ –

သခင်ယေရှု အကြိမ်ကြိမ် မွေးဖွားး၍ ၊
အခါခါ အသေခံ ၊
အဖန်ဖန် ရှင်ပြန်ထမြောက်နေလဲ – – – ။ ။

**ZERO ( Blue stars brothers )**

oooooooooooooooooooooooooooooooooooooooooooooo

# သခင့် ထံ တမ်းတ ခြင်း






'ဟေရှဒ်' လို သဒ္ဒါလွန် ၊ တဏှာကျွန် ဖြစ်ခဲ့ရသလို
'ဟေရောဒိ' စေခိုင်းချက် အရ ၊
နှစ်ခြင်းဆရာ 'ယောဟန်' ရဲ့ ဦးခေါင်းဖြတ်ဘို့ စေစားခဲ့တဲ့
ဘဝမျိုးလဲ မဖြစ်လိုပါ ။

'ရှံဆုံ' လို ဘုရား ပေးထားတဲ့ ခွန်အား
'ဒေလိလ' လှည့်စားချက်ကြောင့် ဆုံးရှုံးခဲ့ရတဲ့
ဘဝမျိုးလဲ မရောက်ချင်ပါ ။

'ဒါဝိဒ်' လို ပညာတွေ တတ်ကျွမ်းလွန်ပြီး
သူ့မယား ပြစ်မှားမိတဲ့ အဖြစ်မျိုးလဲ မကြုံချင်ပါ ။

'ယောသပ်' လို လိမ်မာပါးနပ်ပြီး
မြူဆွယ်မှု အပေါင်းမှ လွတ်မြောက် အောင်မြင်ရသူ ဖြစ်လိုပါ၏ ။

'ယောဘ' လို နှောင့်ယှက်ခြင်း ခံရပေမဲ့
သစ္စာရှိသော ယေသားကောင်း ဖြစ်လိုပါ၏ ။

'သတေဖန်' လို သမ္မာတရားအတွက်
ရဲရဲဝံ့ဝံ့ အသေခံရဲသောသူ ဖြစ်လိုပါ၏ ။

'ဒံယေလ' လို ယုံကြည်ခြင်း ခိုင်မာစွာနဲ့
တစ်နေ့ သုံးကြိမ် သစ္စာရှိစွာ ကျေးဇူးချီးမွမ်း
ဆုတောင်းတတ်တဲ့ ခွန်အားမျိုး ပေးသနားပါသခင် ။ ။

**မလေး(ဂျူလိုင်)**

နိုင်ငံရေး၊ ဂိုဏ်းဂန ဩဝါဒ ကင်းရှင်းသော စာမူများကို မည်သူမဆို ရေးသားပေးပို့နိုင်ပါသည်။

**Min Aung Thet Lwin**
**Blk76A #30-02, Red Hill Road, S'pore 151076.**
**( e-mail ; min_atl@yahoo.com.sg )**